

# IIMM ဆိုတာဘာလဲ


IIMM ဆိုတာ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား ဖြစ်ပြီး ကုလသမဂ္ဂရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက IIMM ကို ၂၀၁၈ မှာ တည်ထောင်ခဲ့ပါတယ်။
UN
IIMM
ကျွန်ုပ်တို့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေရဲ့ ပြင်ပဖိအားတွေ၊ ဩဇာလွှမ်းမိုးမှုတွေ မရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ပါတယ်။
၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံမှာ ကျူးလွန်တဲ့ ကြီးလေးတဲ့နိုင်ငံတကာရာဇဝတ်မှုတွေကို စုံစမ်း စစ်ဆေး ပါတယ်။ ဒီအမှုတွေဟာ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုနဲ့ လူမျိုးပြုန်းစေမှုတွေပဲ ဖြစ်ပါတယ်။
ကျွန်ုပ်တို့ရဲ့ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတွေကနေ အဲဒီရာဇဝတ်မှုတွေအတွက် တာဝန်ရှိသူတွေကို တရားစွဲဆိုနိုင်ဖို့ တရားရေးအာဏာပိုင်တွေကို ကူညီပြီး၊ ထိခိုက်နစ်နာသူတွေအတွက် တရားမျှတမှုရရှိဖို့ လုပ်ဆောင်ပါတယ်။


# IIMM ဘာလုပ်သလဲ


ကျွန်ုပ်တို့က ကြီးလေးတဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးပါတယ်။ ပြစ်မှုကျူးလွန်သူက ဘယ်သူပဲ ဖြစ်နေပါစေ၊ ဒါမှမဟုတ် ထိခိုက်နစ်နာသူတွေရဲ့ လူမျိုး၊ မျိုးနွယ်စု၊ ကိုးကွယ်ယုံကြည်မှုတွေကို မခွဲခြားဘဲ တန်းတူဆောင်ရွက်ပါတယ်။
ကျွန်ုပ်တို့ရဲ့ ရှေ့နေတွေ၊ စုံစမ်းစစ်ဆေးသူတွေနဲ့ စိစစ်သုံးသပ်သူတွေက ပြစ်မှုကျူးလွန်သူတွေအပေါ် အမှုတည်ဆောက်နိုင်ဖို့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနှင့် အခြားသတင်းရင်းမြစ်များစွာဆီက အထောက်အထားတွေနဲ့ အချက်အလက်တွေ စုဆောင်း၊ ထိန်းသိမ်း၊ စိစစ်သုံးသပ်ပါတယ်။
ထိခိုက်နစ်နာသူတွေ၊ သက်သေတွေ၊ ရာဇဝတ်မှုကျူးလွန်ဖို့အမိန့်ပေးစေခိုင်းမှုတွေအကြောင်းသိထားသူတွေနဲ့ ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်း ပါတယ်။


အထောက်အထား
ဆိုရှယ်မီဒီယာလို ပွင့်လင်းရင်းမြစ်တွေက ဗီဒီယိုတွေ၊ ဓာတ်ပုံတွေ၊ မြေပုံတွေနဲ့ အခြားအချက်အလက်တွေကိုလည်း စုဆောင်းပါတယ်။


အချက်အလက်တွေ၊ အထောက်အထားတွေကို လုံခြုံစွာသိမ်းဆည်းဖို့နဲ့ စိစစ်သုံးသပ်ဖို့ နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုပါတယ်။ အဲဒီနောက် ပြစ်မှုကျူးလွန်သူလို့ယူဆထားသူတွေ အပေါ် အမှုဖိုင်တွေပြင်ဆင် ပါတယ်။


အချက်အလက်ပေးသူတွေရဲ့ ခွင့်ပြုမှု၊ လျှို့ဝှက်စွာထားရှိမှု၊ ဘေးကင်းလုံခြုံမှုတွေ ရှိတဲ့အခါမှသာ သက်ဆိုင်ရာတရားရုံးတွေနဲ့ ခုံရုံးတွေက အာဏာပိုင်တွေဆီ အချက်အလက်တွေ မျှဝေပါတယ်။
သဘောတူခွင့်ပြုချက်


ကျွန်ုပ်တို့သည်
တရားရုံး
ရဲတပ်ဖွဲ့
ဖမ်းဆီးခြင်း
တရားစွဲဆိုခြင်း
မဟုတ်ပါ
မဟုတ်ပါ
မလုပ်ဆောင်နိုင်ပါ
မလုပ်ဆောင်နိုင်ပါ


ကျွန်ုပ်တို့က သက်ဆိုင်ရာတရားရုံးတွေကအာဏာပိုင်တွေ
ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးမှုတွေနဲ့ တရားစွဲဆိုမှုတွေမှာ
ကူညီပြီး တိုးတက်မှုရှိအောင် ပံ့ပိုး ပါတယ်။

# IIMM က လက်ရှိမှာ ဘယ်သူတွေဆီ အချက်အလက် မျှဝေနေသလဲ


မျှတတဲ့တရားစီရင်ခွင့်လိုမျိုး နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွေကိုလိုက်နာတဲ့ တရားစွဲဆိုမှုတွေအတွက်သာ သက်ဆိုင်ရာအာဏာပိုင်တွေထံ အချက်အလက်မျှဝေပါတယ်။

နိုင်ငံတကာရာဇဝတ်ခုံရုံးက ကြီးလေးတဲ့နိုင်ငံတကာရာဇဝတ်မှုတွေနဲ့ စွဲချက်တင်ခံရသူတွေကို စုံစမ်းပြီး အမှုစစ်ဆေးပါတယ်။




ICC က လက်ရှိမှာ ရိုဟင်ဂျာတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်နှင်ထုတ်မှုနဲ့ ဆက်စပ်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးနေပါတယ်။

နိုင်ငံတကာတရားရုံးက နိုင်ငံတွေကြား တရားဥပဒေဆိုင်ရာ အငြင်းပွားမှုတွေကို ကြားနာပါတယ်။




ရိုဟင်ဂျာတွေအပေါ် ကျူးလွန်တဲ့လူမျိုးပြုန်းစေမှုကို တားဆီးအရေးယူဖို့ မြန်မာအာဏာပိုင်တွေရဲ့ တာဝန်ဝတ္တရားပျက်ကွက်မှုနဲ့ ပတ်သက်ပြီး ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို တရားစွဲဆိုထားတဲ့အမှု ရှိပါတယ်။

ကမ္ဘာ့နေရာတိုင်းတွင်တရားစီရင်ပိုင်ခွင့်အရ အာဂျင်တီးနား ပြည်ထောင်စုတရားလိုရှေ့နေက မြန်မာနိုင်ငံရှိ ရိုဟင်ဂျာတွေအပေါ် ကျူးလွန်တဲ့ ကြီးလေးတဲ့ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာစွဲချက်တွေကို စုံစမ်းစစ်ဆေး နေပါတယ်။

## ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်




ဒီစီရင်ပိုင်ခွင့်အရ အချို့ရာဇဝတ်မှုတွေဟာ အလွန်ကြီးလေးပြင်းထန်တာကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ တရားရုံးက သူ့နိုင်ငံရဲ့ ဥပဒေတွေအပေါ်မူတည်ပြီး တခြားနိုင်ငံက ရာဇဝတ်မှုကျူးလွန်သူတွေကို တရားစွဲနိုင်ပါတယ်။

# IIMM နှင့် UN




မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အလုပ်လုပ်နေကြတဲ့ ကုလသမဂ္ဂအဖွဲ့ များစွာရှိပါတယ်။ သူတို့တစ်ဖွဲ့ချင်းစီမှာ တိကျတဲ့သီးသန့်လုပ်ပိုင်ခွင့်တွေရှိပြီး အမှီအခိုကင်းစွာ လုပ်ကိုင်ကြပါတယ်။

ကျွန်ုပ်တို့ချင်း ညှိနှိုင်းဆောင်ရွက်မှုတွေ ရှိပေမယ့်လည်း၊ အများပြည်သူက အခြား ကုလသမဂ္ဂအဖွဲ့အစည်းတွေဆီ ပေးပို့တဲ့ အချက်အလက်တွေဟာ ကျွန်ုပ်တို့အဖွဲ့ဆီ အလိုအလျောက် မရောက်ပါဘူး။

## IIMM နှင့် ဆက်သွယ်ရန်

- အထွေထွေကိစ္စများအတွက် iimm@un.org
- လျှို့ဝှက်စွာဆက်သွယ်ရန် Signal မှတဆင့် +41 76 691 1208 သို့မဟုတ်
- ပရိုတွန်မေးလ်မှတဆင့် contact@myanmar-mechanism.org သို့ ဆက်သွယ်ပါ။

ပိုမိုသိရှိလိုပါက iimm.un.org @MyanmarMechanism

©IIMM/သရုပ်ဖော် JC